B เด็กและเยาวชน
นิทานมงคล 38 ประการ



ပုံနှိပ်ခြင်း
ဒုသမအကြိမ် (၇၀၀) အုပ်
ဇန်နဝါရီ၊ ၂၀၁၉

မျက်နှာဖုံးဒီဇိုင်းနှင့် အတွင်းသရုပ်ဖော်ပုံ
ရွှေမင်းသား

အတွင်းဖလင်
Dream City

ကွန်ပျူတာစာစီ
မအိ

အဖုံးဖလင်
စိန်နဂါး

တန်ဖိုး
၂၅၀၀ ကျပ်

ဦးဝင်းချို (ရှုဝံစာအုပ်တိုက်) ၀၀၉၇၅၊ အမှတ် ၂၁၂၊ ၃၁ လမ်း၊ ရန်ကုန်မြို့က ထုတ်ဝေ၍ ဒေါ်ချိုချိုအေး (ရှုဝံပုံနှိပ်တိုက်) ၀၀၈၂၅၊ အမှတ် (၃၃၂)၊ အောက် ပုဇွန်တောင်လမ်း၊ ရန်ကုန်မြို့က အတွင်းစာသားများနှင့် မျက်နှာဖုံးကို ပုံနှိပ်ပါသည်။

၆၄၁.၅
မင်းယုဝေ
၃၈ ဖြာ မင်္ဂလာတရားတော်များ/ မင်းယုဝေ။ - ရန်ကုန်
ရှုဝံစာပေ၊ ၂၀၁၇
၃၇၀ - စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) မြန်မာစာဂုဏ်ထူးရှင်များ၏ စာစီစာကုံးများ

# သူဆင်းရဲပုဏ္ဏာ

တစ်ရံရောအခါ ရာဇဂြိုဟ်ပြည်၌ သူဌေးတစ်ဦး၏ လယ်တွင် သူရင်းငှားပြု၍နေသော သူဆင်းရဲတစ်ယောက် ရှိသည်။ 'ပုဏ္ဏာ' ဟု အမည်တွင်သည်။

ပုဏ္ဏာသည် ဇနီးဘာရိတာ၊ သမီးဥတ္တရာတို့နှင့်အတူ အရှင်သူဌေး၏ အိမ်နောက်ဖေး၌ မှီခိုနေထိုင်၏။

တစ်နေ့သ၌ နက္ခတ်ပွဲသဘင်နေ့ ကျရောက်ရာ မြို့သူမြို့သားများသည် ပျော်ရွှင်စွာ ဆင်နွှဲရန် ပြင်ဆင်နေကြသည်။ ထိုအခါ သူဌေးက ပုဏ္ဏာကို ခေါ်၍ မေးမြန်းသည်။

'အချင်း၊ ပုဏ္ဏာ၊ သင်တို့ ယနေ့ နက္ခတ်သဘင် ပျော်ရွှင်မြူးထူးမည်လော၊ သို့မဟုတ် လုပ်မြဲ၊ ယူမြဲ တိုင်းသော အခဖြင့် လယ်ထွန်မည်လော။'

'အရှင်သူဌေး၊ အကျွန်ုပ်တို့မှာ ဥစ္စာစည်းစိမ်ရှိသော သူတို့ကို မတုပနိုင်ပါ၊ ယနေ့ အလုပ် မလုပ်ပါက နက်ဖြန်တွင် စားစရာ မရှိပါ။ သို့ဖြစ်၍ နက္ခတ်သဘင်ကို မဆင်နွှဲလိုပါ။ ထွန်နှင့်နွားကိုသာ ပေးပါ။ ယခုပင် လယ်ထွန်သွားပါမည်။'

သူဌေးလည်း ပုဏ္ဏာအား ပေးမြဲတိုင်းသော အခကြေးငွေကိုပေး၍ ထွန်နှင့်နွားတို့ကို ပေးအပ်၏။

ပုဏ္ဏာသည် ဇနီးဘာရိတာအား 'ရှင်မ၊ ယနေ့ ငါ လယ်ကိုဆင်း၍ များစွာပြီးအောင် ထွန်မည်၊ ထမင်းကို အခါတိုင်းထက် ပိုချက်၍ ငါ့ထံ လာပို့ပါ' ဟု မှာကြား၏။ ထို့နောက် လယ်သို့ဆင်း၍ ထွန်လေသည်။

ထိုအခိုက် ရဟန္တာ အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် ပုဏ္ဏာလယ်ထွန်ရာ အနီးရှိ လယ်ကန်သင်းပေါ်သို့ ကြွလာပြီး ရပ်တော်မူသည်။

ပုဏ္ဏာသည် မထေရ်မြတ်ကို မြင်သော် ကြည်လင်ရွှင်ပျသွားသည်။ 'အရှင်မြတ်သည် မျက်နှာသစ်ရေနှင့် သွားတိုက်ရန် တံပူကို အလိုရှိ၍ ရပ်တော်မူလာဟန် တူသည်' ဟူ၍ တွေးဆကာ လယ်ထွန်ခြင်းကို ခေတ္တရပ်နားသည်။ မထေရ်မြတ်အနီးသို့ ချဉ်းကပ်၍ ရိုသေစွာ ရှိခိုးသည်။

မထေရ်မြတ်ကလည်း ပါလာသော သပိတ်နှင့် ရေစစ်ကို ပုဏ္ဏာလက်သို့ အပ်၏။ ပုဏ္ဏာလည်း မျက်နှာသစ်ရေကို ကောင်းစွာခပ်၍ ဆက်ကပ်၏။ တံပူကိုလည်း ကောင်းစွာ ပြုလုပ်၍ လှူ၏။

မထေရ်မြတ်သည် တံပူဖြင့် သွားတိုက်၍ မျက်နှာသစ်ရေဖြင့် မျက်နှာသစ်တော်မူသည်။

ထို့နောက် ဆက်လက်၍ ကြွသွားတော်မူသည်။

ထိုအချိန်တွင် ဘာရိတာသည် ထမင်းဟင်းတို့ကို ချက်ပြီးလျှင် ပုဏ္ဏာထံ လာပို့သည်။ ဘာရိတာသည် လမ်းခရီးတွင် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကို တွေ့မြင်လေသည်။

ဘာရိတာက 'ငါသည် တစ်ခါတစ်ရံတွင် လှူဖွယ်ဝတ္ထုရှိသော်လည်း အရှင်မြတ်ကို မတွေ့မြင်၊ တစ်ခါတစ်ရံ အရှင်မြတ်ကို တွေ့မြင်သော်လည်း ငါ့၌ လှူဖွယ်ဝတ္ထုမရှိ၊ ယခုမူ အရှင်မြတ်ကိုလည်း တွေ့မြင်ပြီ၊ ငါ့၌လည်း လှူဖွယ်ဝတ္ထု ပါလာပြီ' ဟူ၍ ကြံစည်ကာပါလာသော ထမင်းတို့ကို မထေရ်မြတ်အား လှူဒါန်းလေသည်။

မထေရ်မြတ်လည်း ထမင်းဟင်း တစ်ဝက်ခန့်ရလျှင် 'တန်ပြီ' ဟု ဆိုဟန်ဖြင့် သပိတ်ကို ဖုံးအုပ်လိုက်သည်။ ထိုအခါ ဘာရိတာက 'အရှင်ဘုရား၊ သည်ဆွမ်း၊ သည်ဆွမ်းဟင်းတို့ကား တစ်ယောက်စာမျှသာ ဖြစ်ပါသည်၊ ချန်ထား၍ မလျော့ပါ။ လောင်ငအောင် အလှူခံတော်မူပါ' ဟု ဆို၍ ထမင်းဟင်းအားလုံးကို လောင်းလှူလိုက်လေသည်။

ထို့နောက် ဘာရိတာသည် အိမ်သို့ တစ်ဖန်ပြန်၍ ထမင်းဟင်းတို့ကို ချက်၏။ ပြီးမှ ပုဏ္ဏာထံ ထမင်းပို့ရန် ပြန်လာလေသည်။

အတန်ကြာသော အခါတွင်မှ ဘာရိတာ ပေါ်လာလေသည်။ ဘာရိတာသည် မိမိအား ပုဏ္ဏာမျှော်နေသည်ကို လှမ်း၍ မြင်ရသည်။ ထိုအခါ -

'ငါ့ ချစ်လင်သည် ဆာလောင်လှသဖြင့် ငါ့ကို မျှော်နေရှာသည်။ အကယ်၍ နောက်ကျသဖြင့် အမျက်ထွက်လျက် ငါ့ကို မောင်းမဲရိုက်နှက်ပါက ငါပြုခဲ့သော ကောင်းမှု အလှူသည် အကျိုးမရှိ ဖြစ်တော့မည်' ဟု ကြံစည်ကာ လှမ်း၍ပြောဆိုသည်။

'အမောင်၊ စိတ်ကို ကြည်ဖြူစွာထားပါ။ ကျွန်မ ပြုခဲ့သော ကောင်းမှုကို အကျိုးမဲ့ မပြုပါနှင့်။ နံနက် စောစောကပင် ကျွန်မ ထမင်းလာပို့ပါသည်။ လမ်းခရီးတွင် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကို ဖူးမြင်ရသဖြင့် ထမင်းဟင်းတို့ကို အရှင်မြတ်အား လှူဒါန်းလိုက်ပါသည်။ ထို့နောက်မှ တစ်ဖန်အိမ်သို့ပြန်၍ ထမင်းဟင်း ချက်ပြုတ်၍ လာရပါသဖြင့် ကြန့်ကြာနေရပါသည်။ ကျွန်မ၏ ဒါနထူးကို ဝမ်းမြောက်ပါလော့။'

ထိုစကားကို ကြားသော် ပုဏ္ဏာလည်း ဝမ်းမြောက်အားရ ဖြစ်သွားပေသည်။

'ရှင်မ၊ သင့်အလှူအတွက် ငါသည် ဝမ်းမြောက် သာဓုခေါ်ပါသည်။ ငါသည်လည်း နံနက်ကပင် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးအား မျက်နှာသစ်ရေနှင့် တံပူတို့ကို ကပ်လှူလိုက်ပါသေးသည်။ ထိုကောင်းမှုကို သင်လည်း အမျှယူပါလော့။'

ထို့နောက် ပုဏ္ဏာတို့ ဇနီးမောင်နှံသည် ဝမ်းမြောက်စွာပင် ထမင်းဟင်းကို ဝေမျှစားကြသည်။ စားပြီးသော် ပုဏ္ဏာသည် ပင်ပန်းလှသဖြင့် ဘာရိတာ၏ ပေါင်ကို ခေါင်းအုံး၍ ခေတ္တအိပ်လေသည်။

ထိုစဉ် ရဟန္တာ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကို သဒ္ဓါကြည်ဖြူစွာ ပေးလှူရသော အကျိုးကြောင့် ပုဏ္ဏာ ထွန်ခဲ့သော ထွန်စိုင်ထွန်ခဲ အားလုံးသည် ရွှေတုံးများအဖြစ်သို့ ကူးပြောင်းသွားလေသည်။

ပုဏ္ဏာသည် အိပ်ရာနိုး၍ ရွှေတို့ကိုမြင်သောအခါ မိမိ၏ မျက်စိကို မယုံနိုင်အောင် ရှိနေလေသည်။

'ရှင်မ၊ ထ၍ ကြည့်စမ်းပါဦးလော့၊ ငါ မောပန်းစွာဖြင့် ထမင်းစားပြီး အိပ်စက်ခဲ့၍ မျက်စိလည်ကာ အမြင်မှားနေသည် ထင်သည်။ ငါထွန်ခဲ့သော ထွန်စိုင်ထွန်ခဲ အားလုံးသည် ရွှေဖြစ်လျက် တဝင်းဝင်း တောက်ပနေလေပြီ။'

'အမောင်၊ ကျွန်မလည်း ရွှေတုံးရွှေခဲတို့ကိုသာ မြင်နေရပါသည်။'

'ရှင်မ၊ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကို ဖြူစင်သော စေတနာဖြင့် လှူခဲ့သော ကောင်းမှုသည် ယခုပင် အကျိုးပေးလေပြီ' ဟူ၍ ပုဏ္ဏာက ဝမ်းမြောက်အားရ ပြောဆိုလေသည်။

သူတို့သည် တိုင်ပင်ပြီးလျှင် ထမင်းခွက်ထဲသို့ ရွှေအချို့ ထည့်ယူသည်။ ထို့နောက် ဘုရင့်ရှေ့တော်မှောက်သို့ ဝင်ကာ ရွှေများကိုပြလျက် အလုံးစုံ လျှောက်ထားပြီးလျှင် -

'အရှင်မင်းကြီး၊ မင်းချင်းတို့အား များစွာသော လှည်းတို့ဖြင့် စေလွှတ်၍ ရွှေများကို ယူဆောင်တော်မူပါ။'

ဘုရင်လည်း ပုဏ္ဏာဆိုသည့်အတိုင်း စေလွှတ်၏။ မင်းချင်းတို့သည် ရွှေတုံးရွှေခဲတို့ကို တွေ့သော် 'ငါတို့ အရှင်မင်းကြီး၏ ဘုန်းတော်ကြောင့် ပေါ်သော ပစ္စည်းတည်း' ဟုဆို၍ ကျုံးယူကြသည်။ ထိုအခါ ရွှေတုံးရွှေခဲတို့သည် လက်တွင်းမှာပင် မြေစိုင်မြေခဲအဖြစ် ပြောင်းသွားလေသည်။

မင်းချင်းတို့သည် ဘုရင့်ထံ ပြန်၍ အကျိုးအကြောင်း လျှောက်ထားသည်။ ဘုရင်က 'ပုဏ္ဏာ သူဆင်းရဲ၏ ဥစ္စာဆို၍သာ ကျုံးလေ' ဟူ၍ မှာကြားသည်။

မင်းချင်းတို့လည်း ဘုရင် မှာလိုက်သည့်အတိုင်း ပြောဆို၍ ကျုံးသောအခါ ရွှေတို့ကို ရရှိသည်။ ယင်းတို့ကို ယူဆောင်၍ မင်းရင်ပြင်၌ ပုံထားသည်။

ဘုရင်လည်း ပြည်သူပြည်သားတို့ကို ခေါ်ယူစေပြီးလျှင် ရွှေတို့ကို ပြ၍ မေးတော်မူသည်။

'ငါတို့ ရာဇဂြိုဟ်ပြည်ဝယ် မည်သူ၏ အိမ်၌ သည်မျှလောက်များသော ရွှေတို့ ရှိပါသနည်း။'

'အရှင်မင်းကြီး၊ မည်သူ့ထံတွင်မျှ မရှိပါ။'

'သည်ရွှေတို့ကား ပုဏ္ဏ၏ ရွှေများဖြစ်သည်။ သည်ယနေ့မှစ၍ ပုဏ္ဏကို သူဌေးအရာ ငါပေးတော်မူလိုက်ပြီ။'

ဘုရင်က ဤသို့ဆိုကာ ပုဏ္ဏကို ဗဟုဓနသူဌေးဘွဲ့ ပေးတော်မူသည်။ များစွာသော စည်းစိမ်ဥစ္စာတို့ကိုလည်း ပေးသည်။ သူဌေးဆောင်းသော ထီးကိုလည်း ပေးသည်။

ပုဏ္ဏက 'အရှင်မင်းကြီး၊ ကျွန်တော်မျိုးတို့မှာ သူတစ်ပါးအိမ်၌ နေကြရပါသည်။ ကျွန်တော်မျိုးတို့အတွက် နေထိုင်ရာ အရပ်ကိုလည်း ပေးသနားတော်မူပါ' ဟူ၍ လျှောက်ထားသည်။

သည်တွင် ဘုရင်သည် ပုဏ္ဏအား ရှေးသူဌေးတစ်ဦး နေထိုင်ခဲ့ဖူးသော မြေနေရာဟောင်းတစ်ခုကို ပေးသည်။ ထိုမြေနေရာသည် စွန့်ပစ်ထားသည် ဖြစ်သဖြင့် ချုံနွယ်ပိတ်ပေါင်း အတိ ပြီးနေသည်။ ပုဏ္ဏသည် အိမ်ဆောက်ရန်အတွက် ယင်းတို့ကို ခုတ်ထွင် ရှင်းလင်းစေသည်။ ထိုအခါ တစ်နေရာတွင် အိုးချင်းထိလျက်ရှိသော ရွှေအိုးပေါင်းများစွာကို တွေ့ပြန်သည်။

ပုဏ္ဏသည် ထိုရွှေအိုးများကို ဘုရင်အား ဆက်သသည်။ ဘုရင်က သိမ်းပိုက်ခြင်း မပြုပေ။

'အသင် ဗဟုဓန သူဌေးမင်း၏ ကောင်းမှုကြောင့် ရသောရွှေအိုးတို့ကို ငါမယူလို။ အသင်သာ ယူလော့' ဟု ဆို၍ ပုဏ္ဏကိုပင် ပြန်လည် ပေးအပ်လေသည်။

မကြာမီ ပုဏ္ဏသည် နေရန်အိမ်ကို ဆောက်လုပ်ပြီးသည်။ ပုဏ္ဏ၊ ဇနီးဘာရိတာနှင့် သမီးဥတ္တရာတို့သည် အိမ်တက် မင်္ဂလာနှင့် ထီးဆောင်းမင်္ဂလာကို တစ်ပြိုင်တည်း ပြုလုပ်သည်။ ဘုရား အမှူးရှိသော သံဃာတော်မြတ်တို့ကိုလည်း ၇ - ရက်ပတ်လုံး လှူဒါန်းပူဇော်ခြင်း ပြုလေသည်။

□